LESSON 12

# かわいいお守(まも)りですね

**Kawaii omamori desu ne**

ချစ်စရာ အဆောင်ပစ္စည်းလေးနော်။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | |
|---|---|---|
| タム<br>တမ် | これ、かわいいお守(まも)りですね。<br>Kore, kawaiꜜi omamori deꜜsu ne. | ဒါ ချစ်စရာ<br>အဆောင်ပစ္စည်းလေးနော်။ |
| ミーヤー<br>မီးယာ | 本当(ほんとう)、かわいい。<br>Hontoo, kawaiꜜi. | ဟုတ်ပဲ့၊ ချစ်စရာလေး။ |
| タム<br>တမ် | これもいいですね。<br>Kore mo iꜜi deꜜsu ne. | ဒါလည်း ကောင်းတယ်နော်။ |
| 職員(しょくいん)<br>အရောင်းစာရေး | それは縁結(えんむす)びのお守(まも)りです。<br>Sore wa enmuꜜsubi no omamori deꜜsu. | အဲဒါက “အဲန်း-မူစုဘိ” အဆောင်ပါ။ |
| | 800円(えん)になります。<br>Happyakuꜜ-en ni narimaꜜsu. | ယန်း ၈၀၀ ကျပါတယ်။ |
| タム<br>တမ် | えんむす・・・。<br>Enmusu... | အဲန်း-မူစု... |
| ミーヤー<br>မီးယာ | 縁結(えんむす)び。恋人(こいびと)ができるお守(まも)り。<br>Enmuꜜsubi. Koibito ga dekiꜜru omamori. | အဲန်း-မူစုဘိ။<br>ချစ်သူရစေတဲ့ အဆောင်။ |
| タム<br>တမ် | じゃあ、これをください。<br>Jaꜜa, kore o kudasaꜜi. | ဒါဆိုရင် ဒီဟာပေးပါနော်။ |

### ဝေါဟာရ

| | | |
|---|---|---|
| かわいい ချစ်စရာကောင်းတဲ့<br>kawaiꜜi | 本当(ほんとう) ဟုတ်ပဲ့/တကယ်<br>hontoo | いい ကောင်းတဲ့<br>iꜜi |
| それ အဲဒါ<br>sore | 縁結(えんむす)び အောင်သွယ်တော်၊ ချစ်သူရစေတယ်<br>enmuꜜsubi | ～になる XXX ကျပါတယ်<br>～ni naꜜru |
| 恋人(こいびと) ချစ်သူ<br>koibito | できる ရတယ်<br>dekiꜜru | じゃあ ဒါဆိုရင်<br>jaꜜa |


©NHK WORLD-JAPAN

အဓိက အသုံးအနှုန်း

**Can-do!** ကိုယ့်အမြင်ကို ပြောပြတာ၊ ရှင်းပြတာတွေ လုပ်နိုင်တယ် (၁)

# かわいいお守(まも)りですね。

Kawaiꜜi omamori deꜜsu ne.

ချစ်စရာ အဆောင်ပစ္စည်းလေးနော်။

နာမဝိသေသနတွေကို သူအထူးပြုတဲ့ နာမ်ရဲ့ အရှေ့မှာ ထည့်ရပါတယ်။ “kawaii omamori” “ချစ်စရာ အဆောင်ပစ္စည်း” လိုမျိုးပါ။ ဒါ့အပြင် ဝါကျကို နာမဝိသေသနနဲ့ အဆုံးသတ်ပြီး ဖွဲ့လို့လည်းရပါတယ်။ “kawaii” “ချစ်စရာကောင်းတဲ့” လိုမျိုး “i” နဲ့ အဆုံးသတ်တဲ့နာမဝိသေသနတွေကို I-နာမဝိသေသန လို့ခေါ်ပါတယ်။

သုံးကြည့်ကြရအောင်

見(み)て、このTシャツ。

Miꜜte, kono tii-shatsu.

おもしろいですね。

Omoshiroꜜi deꜜsu ne.

ကြည့်ပါဦး၊ ဒီတီရှပ်ကို။
စိတ်ဝင်စားစရာကောင်းတယ်နော်။




ကြိုးစားကြည့်ရအောင်

【I-နာမဝိသေသန】ですね。　[I-နာမဝိသေသန]တယ်နော်။

【I-နာမဝိသေသန】 deꜜsu ne.

① 大(おお)きい
ookiꜜi
ကြီးတဲ့



② 高(たか)い
takaꜜi
ဈေးကြီးတဲ့




ဒီကနေ့အတွက် အပိုဆု စကား

## これをください。

Kore o kudasaꜜi.

ဒီဟာ ပေးပါ။

စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေမှာ ကိုယ်လိုချင်တဲ့ ပစ္စည်းကို ညွှန်ပြပြီး အဲဒီလို ပြောရပါတယ်။

 ©NHK WORLD-JAPAN 



မီးယာရဲ့ ခရီးသွားလမ်းညွှန်

# ဂျပန်က နတ်ကွန်းနဲ့ ဘုရားကျောင်းများ

နတ်ကွန်းတွေ၊ ဘုရားကျောင်းတွေဟာ ဂျပန်နိုင်ငံအနှံ့မှာ ရှိပါတယ်။ နတ်ကွန်းဆိုတာက ဂျပန်ရဲ့ ရှေးရှေးက ရှင်းတိုဘာသာ နတ်ဘုရားတွေကို ပူဇော်ထားတဲ့ နေရာဖြစ်ပြီး၊ ဘုရားကျောင်းကတော့ ဗုဒ္ဓဘာသာအဆောက်အအုံ ဖြစ်ပါတယ်။ လည်ပတ်ကြည့်ရှုစရာအဖြစ် ကျော်ကြားတဲ့ နေရာတွေလည်း အများအပြားရှိပြီး တိုကျိုက မေးဂျိဂျင်းဂု နတ်ကွန်း၊ စဲန်းစိုးဂျိ ဘုရားကျောင်းနဲ့ ဇိုးဂျောဂျိ ဘုရားကျောင်းတွေဟာ လူကြိုက်များပါတယ်။

မေးဂျိဂျင်းဂု နတ်ကွန်းဂိတ်



ဇိုးဂျောဂျိ ဘုရားကျောင်း



©Zojoji

ဒဏ္ဍာရီများရဲ့မြေလို့ လူသိများတဲ့ ရှီမာ့နဲခရိုင်က အီဇုမို တိုင်းရှ နတ်ကွန်းနဲ့ ကြီးမားတဲ့ ဗုဒ္ဓရုပ်ပွားတော်ရှိတဲ့ နာရာမြို့က တိုးဒိုင်းဂျိ ဘုရားကျောင်းတွေဟာလည်း လူသိများထင်ရှားပါတယ်။

အီဇုမို တိုင်းရှ နတ်ကွန်း



တိုးဒိုင်းဂျိ ဘုရားကျောင်းက ဗုဒ္ဓရုပ်ပွားတော်ကြီး



©Nara City Tourist Association /Tatehiko Yano

အဖြေ ① 大(おお)きいですね。 Ookiꜜi deꜜsu ne.

② 高(たか)いですね。 Takaꜜi deꜜsu ne.